# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# တန့်ယန်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂-၂၀၂၃)

**(Vllage Development Project)**

**နောင်ခမ်းကျေးရွာအုပ်စု၊ နောင်ခမ်းကျေးရွာ**

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်ခမ်းကျေးရွာ၊ တန့်ယန်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | 4 |
| | နောင်ခမ်းကျေးရွာ သယံဇာတပြဇြေပုံ၊ တန့်ယန်းမြို့နယ် | 6 |
| | နောင်ခမ်းကျေးရွာ ရာသီခွင်ပြပြကွဒိန်၊ တန့်ယန်းမြို့နယ် | 7 |
| | နောင်ခမ်းကျေးရွာ နှင့် အဖွဲ့အစည်းချိတ်ဆက်ပြဇြေပုံ၊ တန့်ယန်းမြို့နယ် | 8 |
| | **အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ** | |
| ၁။ | **တည်နေရာနှင့်ပထဝီဝင် အနေအထား** | 9 |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | 9 |
| ၃။ | **လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** | 9 |
| | (က) လူဦးရေဆိုင်ရာအချက်အလက်များ | 9 |
| | (ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | 10 |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | 10 |
| ၄။ | **ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ** | 10 |
| ၅။ | **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ** | 10 |
| | (က) သီးနှံစိုက်ပျိုးရေး | 10 |
| | (ခ) မွေးမြူရေးလုပ်ငန်း | 11 |
| | (ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | 11 |

(ဃ) ရွှေ့ပြောင်းလုပ်သားများ 11

(င) ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက် 11

(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ 12

၆။ **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** 12

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး 12

(ခ) ကျေးရွာမီးလင်းရေး 12

(ဂ) သတင်းနှင့်ဆက်သွယ်ရေး 12

၇။ ပညာရေး 13

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး 13

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး 13

၁၀။ ကျား/မရေးရာ ကိစ္စရပ်ဆိုင်ရာ 14

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး 14

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး 14

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ 15

**အပိုင်း(ခ)**

**စီမံချက်ဆိုင်ရာ အချက်အလက်များ**

စီမံချက်အဆိုပြုလွှာ(၁) 16

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း 19

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဧယားများ 20

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဧယား 70

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစာပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး


ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နောင်ခမ်းကျေးရွာ
တန့်ယန်းမြို့နယ်

နောင်ခမ်းကျေးရွာသယံဇာတပြမြေပုံ၊ တန့်ယန်းမြို့နယ်




နောင်ခမ်းကျေးရွာ ရာသီခွင်ပြပြကွဒိန်၊ တန့်ယန်းမြို့နယ်




Scanned with CamScanner

နောင်ခမ်းကျေးရွာ အဖွဲ့အစည်းများနှင့် ဆက်စပ်မှုပြပုံ၊ တန့်ယန်းမြို့နယ်



## အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

### ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

နောင်ခမ်းကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်၊ နောင်ခမ်းကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာဖြစ်ပါသည်။ နောင်ခမ်းကျေးရွာသည် တန့်ယန်းမြို့နှင့် (၂၂)မိုင် အကွာတွင် တည်ရှိပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းမှုပြုပါသည်။ ဒေသ၏ တစ်နှစ်ပျှမ်းမျှ မိုးရေချိန်မှာ လက်မ ၄၀ မှ ၈၀ ထိရှိပြီး စိုက်ပျိုးရေးအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာ မြေပြန့်ပိုင်းတွင် လယ်မြေအချို့စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာထွက် ကုန်များဖြစ်သော စပါးနှင့် ပြောင်း များကို တန့်ယန်းမြို့ စျေးကွက်သို့ တင်ပို့ရောင်းချပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နောင်ခမ်းကျေးရွာ၏ ရာသီဥတုနေအထားမှာ အေးမြစိုစွတ်သောရာသီဥတုဖြစ်ပါသည်။ ကျေးရွာ၏စိုက်ပျိုးနိုင်သော ဧကမှာ(၈၃)ဧကရှိပါသည်။ ယာမြေ/တောင်ယာမြေ လုပ်ကိုင်သူများပြားပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာအနည်းငယ်ထည့်ဝင်စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာတွင် သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ) အနည်းငယ်မျှသာတွေ့ရှိနိုင်ပါသည်။ သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ)မှာ တောတောင်များတွင် ပေါက်ရောက်နေသောကြောင့် အသုံးချနိုင်မှုအနည်းငယ်ခက်ခဲပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာသောက်သုံးရေအတွက် စိမ့်စိမ်းရေထွက်မှရေကို သွယ်ယူအသုံးပြုလျက်ရှိပါသည်။ ရာသီဥတုသင့်တင့်မျှတသောကြောင့် စိုက်ပျိုးရေးကောင်းမွန်စွာဖြစ်ထွန်းပါသည်။

### ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

နောင်ခမ်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၄၀)စုရှိပြီး ရှမ်းလူမျိုးများသာ စုပေါင်းနေထိုင်ကြပါသည်။ လူဦးရေစုစုပေါင်း(၁၈၆)ဦးဖြစ်ပြီး ပျှမ်းမျှအိမ်ထောင်စုတစ်စုလျှင် (၄.၆) ဦးရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျှမ်းမျှ(၅)ဦးနှင့် ညီမျှပါသည်။ ကျေးရွာတွင် တစ်နှစ်အောက်နို့စို့အရွယ် ကလေးကျား(၃)ဦး၊ မ(၅)ဦး၊ ၅နှစ်အောက်ကလေး ကျား(၇)ဦး၊ မ(၉)ဦး၊ မူလတန်းကျောင်းသားအရွယ် ၅နှစ်မှ ၉နှစ် ကျား(၁၁)ဦး၊ မ(၁၁)ဦး၊ အလယ်တန်းကျောင်းသားအရွယ် ၁၀နှစ်မှ ၁၄နှစ် ကျား(၈)ဦး၊ မ(၇)ဦး၊ အလုပ်လုပ်နိုင်သောအရွယ် ၁၅နှစ်မှ ၆၄နှစ် ကျား(၆၁)ဦး၊ မ(၅၉)ဦး နှင့် သက်ကြီးရွယ်အို ကျား(၁)ဦး၊ မ(၄)ဦး၊ မသန်စွမ်းသူကျား(၁)ဦး ရှိပါသည်။ ကလေးများအားလုံး အသက်(၆)နှစ်ပြည့်လျှင် မူလတန်းပညာကို သင်ယူကြပါသည်။ ကျေးရွာလူဦးရေ စုစုပေါင်း၏ ( ၇၅% )မှာ အလုပ်လုပ်ကိုင်နိုင်သော

အရွယ်ဖြစ်ပါသည်။ အလုပ်လုပ် နိုင်သောလူဦးရေမှာ အမျိုးသမီးဦးရေထက် အမျိုးသားရေမှာ အနည်းငယ်ပိုပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာအချို့အိမ်ထောင်စုများမှာ မိသားစုဝင်ငွေမှာ စားဝတ်နေရေးအတွက် အဆင်ပြေပြီး အချို့သောအိမ်ထောင်စုများမှာ မိသားစု လောက်ငရုံဝင်ငွေသာ ရရှိကြပါသည်။ အိမ်ထောင်စုအလိုက် ဓနအဆင့်သတ်မှတ်မှုများတွင် အိမ်ထောင်စုအားလုံး၏ (၁၀%)သည် အလယ်အလတ်ရှိသောအိမ်ထောင်စု၊ အိမ်ထောင်စုအားလုံး၏ (၃၀%)သည် အလွန်ဆင်းရဲသော အိမ်ထောင်စုအဖြစ်ခံယူကြပြီး (၆၀%)မှာ ဆင်းရဲသော အိမ်ထောင်စုဖြစ်ကြောင်း ကောက်ယူရရှိပါသည်။ ကျေးရွာတွင်းတွင် ကိုယ်စီကိုယ်ငှမြေယာပိုင်ဆိုင်မှုရှိကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပါသည်။ အိမ်ထောင်စုအားလုံးမြေယာပိုင်ဆိုင်မှုရှိကြပြီး စိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ကျွန်ုပ်တို့ကျေးရွာတွင် ဆင်းရဲသားတောင်သူအများစုနေထိုင်ပြီး ရာသီအလိုက် စပါးနှင့် ပြောင်းတို့ကို စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုများမှာ နေ့စားအငှားလိုက်ခြင်းဖြင့် လုပ်ကိုင်ရှာဖွေကြပါသည်။ အကြွေးတင်ရှိမှုငွေပမာဏတွင် စစ်တမ်းကောက်ယူထားရှိသော အိမ်ထောင်စုများတွင် ချေးငွေကျပ် (၁)သိန်းမှ ကျပ်(၁၀)သိန်းအထိ အကြွေး တင်ရှိကြောင်းနှင့် အများစုမှာဆွေမျိုးနှင့် ငွေတိုးချေးယူခြင်းကြပြီး အဓိကအားဖြင့် အစားအစာ စားသုံးရန်အတွက်နှင့် လုပ်ငန်းအတွက်ရင်းနှီးမြုပ်နှံရန် ချေးယူကြခြင်းဖြစ်ပါသည်။

**၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှုအခြေအနေ**

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးမှူး၊ ဘာသာရေးအဖွဲ့၊ လမ်းကော်မတီအဖွဲ့၊ လူငယ်အဖွဲ့များရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိ လူထုအခြေပြုဖွံ့ဖြိုးရေးအဖွဲ့သည် ကျေးရွာ၏ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆော်သြ ပေးခြင်း၊ စည်းရုံးခြင်းများ အခါအားလျော်စွာ ကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်းအဖွဲ့ များသည် ရပ်ရွာအကျိုးများကို ရွာသူ/သားများနှင့်အတူ အားတက်သရောဆောင်ရွက်ကြပါသည်။ သာရေး/နာရေး ကိစ္စရပ်များရှိပါက ရွာလုံးကျွတ်စုပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

**၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

နောင်ခမ်းကျေးရွာသည် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပါသည်။ စိုက်ပျိုးမြေကေပေါင်း(၈၃)ကေရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ပြောင်းနှင့် စပါးများ စိုက်ပျိုးကြပါသည်။ စပါးနှင့် ပြောင်းတို့ကို သဘာဝမိုးရေနှင့် စိမ့်စမ်းရေသွယ်ယူ၍သာ အဓိကစိုက်ပျိုးကြပါသည်။ ကျေးရွာတွင်း စိုက်ပျိုးရေးအထောက်အကူပြုစက်ပစ္စည်းပိုင်ဆိုင်မှုနည်းသောကြောင့် ထွန်ယက်စိုက်ပျိုးရိတ်

သိမ်းရာတွင် နှောင့်နှေးမှုအချို့ရှိပါသည်။ တစ်ခါတစ်ရံ မိုးရွာသွန်းမှုများသောကြောင့် သီးနှံအထွက်နည်းကြောင်းတွေ့ရတတ်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

နောင်ခမ်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနည်းပါးပြီး ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ကို တစ်ပိုင်တနိုင် မွေးမြူထားရှိသော အိမ်ထောင်စုသည် မွေးမြူရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုသူ မရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာလူထုအနေဖြင့် မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတနည်းပါးခြင်းနှင့် ငွေကြေးအခက်အခဲသည် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် တိုးချဲ့ဆောင်ရွက်ရန် အဓိကအဟန့်အတားဖြစ်ကြောင်း သုံးသပ်ရပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် အဆင်ပြေမှုရှိနိုင်သော်လည်း မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းမှုပြုကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုအသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါ။ စိုက်ပျိုးရေးရာသီတွင်သာ အလုပ်အကိုင်အခွင့်အလမ်းရှိပြီး ကျန်အချိန်များတွင်မူ အလုပ်အကိုင်နှင့် ဝင်ငွေနည်းပါးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လူငယ်၊ လူရွယ် များသည် ကျေးရွာ၏ (၃၀%) ခန့်သာရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အင်းအားတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိပါသည်။ လက်သမား နှင့်ပန်းရံလုပ်ကိုင်သူအချို့ရှိသော်လည်း အမြဲတစေလုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးရေးရာသီကုန်ဆုံးမှသာ လုပ်ကိုင်ခြင်းဖြစ်ပါသည်။

**(ဃ) ရွှေ့ပြောင်းလုပ်သားများ**

ပြည်တွင်းနှင့် ပြည်ပ သွားလာသူများသည် အခြားမြို့များတွင် စားဝတ်နေရေးအတွက်သွားရောက်အလုပ်လုပ်ကိုင်နေကြသူများဖြစ်ပြီး ၎င်းတို့ပြန်ပို့ငွေများအပေါ်မှီခိုနေသော အိမ်ထောင်စုများ မရှိပေ။ လစဉ်ငွေပို့နိုင်ခြင်းမရှိဘဲ တစ်နှစ်(၂)ကြိမ်ခန့်သာ မိသားစုထံ ငွေပို့ပေးကြကြောင်းသိရှိရပါသည်။

**(c) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်**

နောင်ခမ်းကျေးရွာနှင့် အနီးဆုံးဈေးဖြစ်သော တန့်ယန်းမြို့မဈေးသို့ သွားရန်(၁၅)မိုင်ခန့်ကွာဝေးသောကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုနှင့် ဈေးကွက်လက်လှမ်းမီမှုအခြေအနေ အနည်းငယ်မျှသာ ကောင်းမွန်ပါသည်။

**(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင်းတောင်သူများသည် အများအားဖြင့် ပွဲစားများထံမှ ကြိုတင်ငွေရယူကာ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ဆွေမျိုးသားချင်းများထံမှ နားလည်မှုဖြင့် ချေးယူထားမှုများလည်း တွေ့ရှိရတတ်ပါသည်။

ချေးငွေချေးယူရခြင်း၏ အဓိကအကြောင်းအရင်းမှာ စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်း၊လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ရင်းနှီးငွေလိုအပ်ခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင်း အကြွေးတင်ရှိမှုစစ်တမ်းကောက်ယူမှုအရ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများအားလုံး ကြွေးမှီတင်ရှိကြပြီး အနည်းဆုံး အကြွေး (၁)သိန်းကျပ် မှ အများဆုံး (၁၀)သိန်းကျပ်အထိ ရှိကြောင်းတွေ့ရှိရပါသည်။ အိမ်ထောင်စုအများစုမှာ (၁)သိန်း မှ (၅)သိန်းကြား အကြွေးတင်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်း မရှိကြောင်းတွေ့ရှိရပါသည်။

## ၆။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

သယ်ယူပို့ဆောင်ရေးယာဉ်များအဖြစ် မော်တော်ဆိုင်ကယ်၊ ကား အသုံးပြုနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ရွာတွင်းလမ်းသည် မိုးရေကြောင့် လမ်းချော်ခြင်း၊ လမ်းများပျက်စီးခြင်းများကြောင့် အခက်အခဲများ နှစ်စဉ်တွေ့ရပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

၂၀၂၁ခုနှစ်ထိ လျှပ်စစ်မီးမရသောကျေးရွာဖြစ်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ဆိုလာစနစ်ကို အသုံးပြုကြပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်အလွယ်တကူရရှိနိုင်သော ကျေးရွာဖြစ်ပါသည်။ ဥပမာ- ဖုန်း၊ ရေဒီယို၊ တီဗွီအသုံးပြုနိုင်သော ကျေးရွာဖြစ်ပါသည်။ အင်တာနက်ဝန်ဆောင်မှုအသင့်အတင့်ရရှိသော ကျေးရွာဖြစ်ပါသည်။

## ၇။ ပညာရေး

ကျေးရွာတွင် စာမတတ်သူဦးရေပိုမိုများပြားပါသည်။ မူလတတန်းနှင့် အလယ်တန်း အဆင့်ထိသာတက်ရောက်ကြပါသည်။ မိဘများ၏ ပညာရေးအားပေးမှုအားနည်းသောကြောင့်သော်လည်းကောင်း၊ စားဝတ်နေရေးအဆင်မပြေမှုကြောင့်သော်လည်းကောင်း၊ ပတ်ဝန်းကျင်၏လက်တွဲကူညီ

အားပေးမှုအားနည်းခြင်းကြောင့်သော်လည်းကောင်း အဆင့်မြင့်ပညာရေးကို မသင်ကြားနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောင်းသားမိဘများသည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည့်အတွက် သားသမီးများ၏ ပညာရေးကို မကြည့်ရှုနိုင်ပေ။ ကျောင်းသားကျောင်းသူများသည် မူလတန်းပညာသင်ယူပြီးပါက မိဘများနှင့်တူ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းမရှိပါ။ မူလတန်းကျောင်းသားများအနေဖြင့် ဟိုတာကျေးရွာရှိ မူလတန်းလွန်ကျောင်းတွင် တက်ရောက်ပြီး အချို့အထက်တန်း၊ အလယ်တန်း ကျောင်းသားများအနေဖြင့် တန့်ယန်းမြို့တွင် ပညာသင်ကြားကြပါသည်။

## ၈။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

နောင်ခမ်းကျေးရွာသည် အခြားကူးစက်နိုင်သောရောဂါများမရှိသောကျေးရွာဖြစ်ပါသည်။ သို့သော်လည်း ရာသီအလိုက်ဖြစ်တတ်သော အဖျားရောဂါ၊ ဆီးချိုနှင့် သွေးတိုးစသည့်ရောဂါများမှာ ဖြစ်ပွားမှုများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

နွေရာသီတွင် သန့်ရှင်းသောသောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါသည်။ အရည်အသွေးစမ်းသပ်စစ်ဆေးထားခြင်းများ မရှိပါ။ ကျေးရွာရှိ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ ကို အသုံးပြုကြပါသည်။

## ၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

နောင်ခမ်းကျေးရွာသည် စိုက်ပျိုးရေးကိုလုပ်ကိုင်သော ကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးသည့်အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓါတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံးရပါသည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျေးရွာတွင် သစ်တောသစ်ပင်မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်း အပင်ငယ်များ စိုက်ပျိုးခြင်းမရှိပါ။ ကျေးရွာတွင် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက်နည်းပါးပါသည်။ ကျေးရွာတွင်း အမှိုက်သရိုက်များကိုစု၍ ရွာပြင်ထုတ်ကာ မီးရှို့ဖျက်ဆီးကြပါသည်။ အမှိုက်သရိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့်အလေ့အထများမရှိပါ။

## ၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာအတွင်း ကျား-မရေးရာကိစ္စဆိုင်ရာ အခြေအနေမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင်းရှိ သာရေး၊ နာရေး ကိစ္စရပ်များအား ရွာလုံးကျွတ်ဝိုင်းဝန်းပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြပြီး ခွဲခြားဆက်ဆံခြင်းမျိုးများ မရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ယေဘုယျအခြေအနေ သုံးသပ်ရပါက

ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားနှင့် အမျိုးသမီး တန်းတူအခွင့်အရေးရရှိကြောင်း တွေ့ရပါသည်။ သို့သော် ကျေးရွာတွင်း နေ့စားလုပ်အားခပေးချေမှုများတွင်မူ အမျိုးသားများက ပိုမို ရရှိကြောင်းသိရပါသည်။ ရွာ၏အုပ်ချုပ်သူ ရွာသူကြီးမှာအမျိုးသားဖြစ်ပါသည်။ ကျား-မရေးရာ တန်းတူ အခွင့်အရေးရရှိသောကျေးရွာ တစ်ရွာဖြစ်ပါသည်။

## ၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်လူရွယ်များအပန်းဖြေအနားယူရန် ဘောလုံးကွင်း၊ ခြင်းကွင်း၊ စာကြည့်တိုက်များ မရှိပေ။ လူငယ်လူရွယ်အများစုသည် ကျေးရွာ၏သဘောသဘာဝအရ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

## ၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် လူကုန်ကူးမှု၊ ရာဇဝတ်မှုများဖြစ်ပွားမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ။ မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။

## ၁၃။ ဦးစာပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | ✓ | | | | |
| ၂ | စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း | ၂ | | ✓ | | | |
| ၃ | လျှပ်စစ်မီးရရှိရေးလုပ်ငန်း | ၃ | | | ✓ | | |
| ၄ | ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်း | ၄ | | | | ✓ | |
| ၅ | ကျောင်းဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း | ၅ | | | | | ✓ |

# အပိုင်း(ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

အပိုင်း(ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ နောင်ခမ်းကျေးရွာ**

| | |
|---|---|
| **ကျေးရွာ** | - နောင်ခမ်း |
| **ကျေးရွာအုပ်စု** | - နောင်ခမ်း |
| **မြို့နယ်** | - တန့်ယန်းမြို့နယ် |
| **တိုင်းဒေသကြီး/ပြည်နယ်** | - ရှမ်းပြည်နယ်(မြောက်ပိုင်း) |
| **စီမံချက်အမည်-** ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | |
| **စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• လက်ရှိအသုံးပြုလျက်ရှိသော ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပါသည်။ မိုးရာသီတွင် လမ်းပေါ်၌ရေစီးခြင်း၊ လမ်းပျက်ခြင်း၊ ရွှံ့ဗွက်များခြင်းများကြောင့် သွားလာရခက်ခဲပါသည်။<br>• သို့ဖြစ်ပါ၍ ကွန်ကရစ်လမ်းဆောင်ရွက်လိုခြင်းဖြစ်ပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)**<br>• လက်ရှိအခြေအနေအား ပိုမိုကောင်းမွန်စေရန် ကွန်ကရစ်လမ်းခင်းလိုခြင်းဖြစ်ပါသည်။ မိုးရာသီတွင် လမ်းအသုံးပြုသွားလာရလွယ်ကူရန် ဆောင်ရွက်လိုခြင်း ဖြစ်ပါသည်။<br>• ရွာတွင်းလမ်းအား ရာသီမရွေးသွားလာအသုံးပြုနိုင်ရန် ဖြစ်ပါသည်။ | |
| **မျှော်မှန်းအကျိုးရလဒ်**<br>**(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)**<br>• ကွန်ကရစ်လမ်းဖြစ်လာပါက ရာသီမရွေးအသုံးပြုသွားလာနိုင်ခြင်း၊<br>• လမ်းဘေးရေမြောင်းမှ ရေစီးသဖြင့်ရေစီးရေလာကောင်းမွန်ခြင်း၊<br>• လမ်းပေါ်ရေစီးခြင်း မရှိသည့်အတွက် လမ်းပျက်စီးမှု မရှိခြင်း။ | |
| **စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)**<br>• ကွန်ကရစ်လမ်းဆောင်ရွက်ခြင်း၊<br>• ၇၈၀'x၁၂'x၆" | |
| **စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု(ကျပ်)** | **ထည့်ဝင်မည့်အစီအစဉ်** |
| • ၁၀၀၀၀၀၀၀ (ငွေသား)<br>• xxxxxxxxxx (ငွေသား)<br>• ၅၀၇၀၀၀ (ပစ္စည်း/လုပ်အား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၉၁ | ၉၅ | ၁၈၆ | | ၁၀ | ၂၅ | ၅ | ၄၀ |
| အကျိုးခံစားမည့်ဦးရေ | ၉၁ | ၉၅ | ၁၈၆ | | ၁၀ | ၂၅ | ၅ | **၄၀** |
| မှတ်ချက်၊ ချောင်လည် အဆင့်-၁၊ အလယ်အလတ် အဆင့်-၂၊ ဆင်းရဲ ၃၊ အလွန်ဆင်းရဲ -၄ | | | | | | | | |

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်

(၁) အကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

(၂) စီမံချက်စတင်မည့်အချိန်ခန့်မှန်း

- (၇/၂၀၂၂)လ တတိယပတ်

(၃) စီမံချက်ပြီးစီးမည့်အချိန်

- (၈/၂၀၂၂)လ ကုန်

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်

လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်မည့်လုပ်အားအတွက် ကျေးရွာသူ/ကျေးရွာသားများမှ ပါဝင်ဆောင်ရွက်သွားကြရန် သူကြီးမှ ဦးဆောင်၍ အစည်းအဝေးပြုလုပ်ပြီး စည်းရုံးဆောင်ရွက်ထားပြီးဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ချိန်တွင် နေ့ရက်အလိုက်သော်လည်းကောင်း၊ လုပ်ငန်းတတ်မြောက်မှုအလိုက်သော်လည်း တာဝန်ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ အဓိက တာဝန်ယူဆောင်ရွက်သွားပါမည်။ လုပ်ငန်းဆောင်ရွက်ပြီးပါက ပြုပြင်ထိန်းသိမ်းရေးအတွက် ကျေးရွာမှ ကော်မတီသီးခြားဖွဲ့စည်းပြီး ကျေးရွာသူ ကျေးရွာသားအားလုံးသဘောတူသည့် ငွေကြေးဖြင့် လုပ်ငန်းပြင်ဆင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

**နောင်ခမ်းကျေးရွာအုပ်စု၊ နောင်ခမ်းကျေးရွာ**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဦးဆန်ထွန်း | လွယ်လိုင်းအူ | ၁၃/တယန(နိုင်)၀၀၇၈၂၀ | ၄၃ | ဥက္ကဋ္ဌ | |
| ၂ | နန်းဆိုင်ဟိန်း | ဦးထွန်းအောင် | လျှောက်ထားဆဲ | ၂၈ | စာရင်းကိုင် | |
| ၃ | ဦးထွန်းအောင် | ဦးဆန်လူ | လျှောက်ထားဆဲ | ၂၉ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးဆန်လှ | ပူလွယ်ဆိုင်ထွန်း | ၁၃/တယန(နိုင်)၀၀၇၉၀၀ | ၃၀ | သော့ကိုင်-၁ | |
| ၅ | စိုင်းဆန်မြ | ဦးလိုင်းဟိန်းမောင် | လျှောက်ထားဆဲ | ၂၉ | သောကိုင်-၂ | |
| ၆ | နန်းကျင်အောင် | ဦးဆန်လူ | ၁၃/တယန(နိုင်)၀၄၄၆၀၈ | ၂၈ | အဖွဲ့ဝင် | |
| ၇ | နန်းစိန်ပန့် | ဦးဆန်နွံ | ၁၃/တယန(နိုင်)၀၄၆၄၇၈ | ၂၅ | အတွင်းရေးမှူး | |

## ဝယ်ယူရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | နန်းကျင်အောင် | ဦးဆန်လူ | ၁၃/တယန(နိုင်)၀၄၄၆၀၈ | ၂၈ | ဥက္ကဋ္ဌ | |
| ၂ | နန်းဆိုင်ဟိန်း | ဦးထွန်းအောင် | လျှောက်ထားဆဲ | ၂၈ | စာရင်းကိုင် | |
| ၃ | ဦးထွန်းအောင် | ဦးဆန်လူ | လျှောက်ထားဆဲ | ၂၉ | ဘဏ္ဍာရေးမှူး | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၅ | ၈ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၇ | ၉ | ၁၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၁ | ၁၁ | ၂၂ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၈ | ၇ | ၁၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၁ | ၅၉ | ၁၂၀ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁ | ၄ | ၅ | | |
| **စုစုပေါင်း** | | **၉၁** | **၉၅** | **၁၈၆** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၀** | | | | |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** နောင်ခမ်းကျေးရွာတွင်အိမ်ထောင်စုပေါင်း(၄၀)စုနှင့် ကျား(၉၁) မ(၉၅)လူဦးရေစုစုပေါင်း (၁၈၆)ဦး တို့နေထိုင်လျက်ရှိပြီး ကျေးရွာတွင် အဓိကအားဖြင့် ရှမ်းလူမျိုးများ နေထိုင်ကြပါသည်။ ယောကျ်းဦးရေထက် မိန်းကလေးဦးရေ အနည်းငယ်ပိုပါသည်။ ကလေးငယ်များ ကူးစက်ရောဂါဖြစ်ပွားခြင်းမရှိ ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကျောင်းနေအရွယ် ကလေးများကျောင်းနေကြပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၀ | ၉၇ | ၂ | ၄၀ | ၅၇ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | - | | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂ခ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - "**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ နောင်ခမ်းကျေးရွာတွင် လယ်ယာနှင့် တောင်ယာများကို အဓိကလုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပြီးတစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ မိသားစုဝင်များစားသောက်ရန် လောက်ရုံမျှသာရှိပါသည်။ အများစုမှလယ်ယာမြေအနည်းငယ်ပိုင်ဆိုင်ကာ တနိုင်တပိုင်စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆိပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ÷၂၂.၇၅**)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ×၈**)

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် လယ်ယာမြေစိုက်ပျိုးရေး လုပ်အားခနှုန်းထားသည့် အများဆုံး ၅၀၀၀နှင့် အနည်းဆုံး ၃၀၀၀ နှုန်းရှိကြောင်း လေ့လာတွေ့ရှိပါသည်။ ကျွဲ၊ နွားများအား လယ်/ယာတွင် အသုံးပြုရန်အတွက်သာ မွေးမြူကြပါသည်။ ကြက်၊ ဝက်များကို အိမ်တွင်တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | **မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| **လယ်မြေ** | ၈၃ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| **စုစုပေါင်း** | **၈၃** | ☒ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** နောင်ခမ်းကျေးရွာ၏ လယ်ကေမှာ ၈၁ ကေရှိပါသည် ။ မြေဆီလွှာအရည် အသွေးမှာ အသင့်အတင့်ကောင်းမွန်ပြီး စပါးနှင့် ပြောင်း တို့ကို စိုက်ပျိုးကာ အသက်မွေးဝမ်းကျောင်းပြုပါသည်။ ကျေးရွာထွက် ကုန်များဖြစ်သော စပါးနှင့် ပြောင်းများကို တန့်ယန်းမြို့စျေးကွက်သို့ တင်ပို့ရောင်းချပါသည်။ အိမ်ခြံမြေတွင် မုံညှင်း၊ ငရုတ်၊ ပဲ၊ ကော်ဖီထုပ်၊ ပန်းကော်ဖီ၊ ပဲတောင့်ရှည်၊ စတော်ပဲ၊ ဘူး၊ ဖရုံနှင့် ကော်ရခါးသီး စသည်တို့ကို အိမ်တွင်းစားသောက်ရန်အတွက်သာ စိုက်ပျိုးကြပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☑မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊** | များ ☐ သင့်☐ နည်း ☐ များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ လွယ် ☐ လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ လျော့ လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **စိမ့်စမ်း**) | | | အပြောင်းအလဲမရှိ ☑ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း**) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။** နောင်ခမ်းကျေးရွာတွင် တွင်းထွက်ပစ္စည်းများမရှိပါ။ ကျေးရွာအနီးတွင် ကျောက်၊ သဲ ၊ ကျောက်စရစ်များ အနည်းငယ်သာထွက်ရှိပြီး ကျေးရွာတွင် စိမ့်စမ်းရေကိုသာ အဓိကထားအသုံးပြုပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | များ | အသင့်အတင့်✓ | နည်း | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | အလွန်ကောင်း | အသင့်အတင့်✓ကောင်း | ညံ့ | အလွန်ညံ့ |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု** | များ | အသင့်အတင့်✓ | နည်း | မရှိ |
| **အဓိကစီးပွားရေးလုပ်ငန်း** | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း✓ | စီးပွား (ဝင်ငွေ) အလွန်နည်း |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| အိမ်ထောင်စု | - | ၁၀ | ၂၅ | ၅ |

**ရင်းမြစ်** ... (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ နောင်ခမ်းကျေးရွာမြေယာပိုင်ဆိုင်မှုတွင် အဆင်ပြေသောအိမ်ထောင်စုသည် မြေယာအများဆုံးပိုင်ဆိုင်ကြပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုသည် မြေယာပိုင်ဆိုင်မှုအသင့်အတင့်မျှသာပိုင်ဆိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုသည် မြေယာအနည်းငယ်ပိုင်ဆိုင်ကြပြီး အလွန်မပြေလည်သော အိမ်ထောင်စုသည် မြေယာပိုင်ဆိုင်ခြင်းမရှိပေ။ အဆင်ပြေသောအိမ်ထောင်စုသည် အုတ်ကာ(၁)ထပ်တိုက် အနည်းငယ်သာရှိပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုသည် ပျဉ်ကာ/ပျဉ်ခင်း ကိုအများဆုံးဆောက်လုပ်နေထိုင်ကြပါသည်။ အဆင်မပြေသောအိမ်ထောင်စုများသည် ဝါးထရံကာ အိမ်များကိုသာဆောက်လုပ်နေထိုင်၍ အလွန်မပြေလည်သောအိမ်ထောင်စုသည် ဝါးထရံကာ/သက်ကယ်အမိုး ဖြင့်ဆောက်လုပ်နေထိုင်ကြပါသည်။ အဓိကစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကဝင်ငွေ ဖြစ်ပါသည်။

**(ငှ) ထိခိုက်လွယ်မှု**

**(ငှ-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |
| ဖြစ်မှသာလျှင်အထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** နောင်ခမ်းကျေးရွာတွင် အိမ်ထောင်စုအများစုမှာ တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံကြပါသည်။

